
## ဖမ်းဆီးခံရသူပေါင်း ၁၃,၀၀၀ ကျော်ထက်မနည်းရှိ

၂၀၂၂ ခုနှစ် မတ် ၂၈ ရက်အထိ ဖြစ်ပါသည်။




စစ်ကောင်စီစာရင်းအရ
ဖမ်းဆီးခံထားရသူများ*

AAPP နှင့် လွတ်လပ်သော သတင်းမီဒီယာများ၏စာရင်းအရ
ဖမ်းဆီးခံထားရသူများနှင့် ပြန်လည်လွတ်မြောက်လာသူများ


* ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က ပြုလုပ်ခဲ့သော စစ်ကောင်စီသတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည့် ကိန်းဂဏန်းဖြစ်ပါသည်။ အဆိုပါသတင်းစာရှင်းလင်းပွဲနောက်ပိုင်း ထပ်မံပြုလုပ်သော သတင်းစာရှင်းလင်းပွဲများတွင် ဖမ်းဆီးခံထားရသူများနှင့်ဆက်စပ်သည့် ကိန်းဂဏန်းများကို ထပ်မံထုတ်ပြန်ထားခြင်းမရှိပေ။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ ထုတ်ပြန်ချက်များနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၂၈ ရက်အထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအပြင် စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် နိုင်ငံတဝန်းဖမ်းဆီးခံရသူ **၁၃,၀၀၁ ဦး**ထက်မနည်း ရှိခဲ့သည်။ ထိုဖမ်းဆီးခံရသူများအနက် **၈၉၁ ဦး**မှာ ထောင်ဒဏ် ချမှတ်ခံထားရသူများဖြစ်ပြီး (မျက်ကွယ်ပြစ်ဒဏ်ချမှတ်ခံထားရသူများကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ) ဖမ်းဆီးခံရပြီး ပြန်လည်လွတ်မြောက်လာခဲ့သူ **၃,၀၄၀ ဦး**ထက်မနည်းရှိခဲ့သည်။ ထို့အပြင် စုစုပေါင်း **၉,၀၇၀ ဦး**ထက်မနည်းမှာ ထောင်ဒဏ်ချမှတ်ခံရခြင်းမရှိသေးဘဲ လက်ရှိအချိန်အထိ ဖမ်းဆီးခံထားရဆဲဖြစ်သည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွှတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

## ၂၀၂၂ ခုနှစ် ပထမသုံးလအတွင်း ၁,၇၀၀ ကျော်ထက်မနည်း ဖမ်းဆီးခံရ

၂၀၂၂ ခုနှစ် မတ် ၂၈ ရက်အထိ ဖြစ်ပါသည်။





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၂၈ ရက်အထိ စုစုပေါင်း **၁၃,၀၀၁ ဦးထက်မနည်း** ဖမ်းဆီးခံခဲ့ရပါသည်။ ၂၀၂၁ ခုနှစ် မတ်၊ ဧပြီ၊ မေ သုံးလတွင် **၄,၇၀၀ ဦးထက်မနည်း** စံချိန်တင်ဖမ်းဆီးခံခဲ့ရပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ **၁၁,၂၈၉ ဦးထက်မနည်း** ဖမ်းဆီးခံခဲ့ရသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ် ပထမသုံးလတွင် **၁,၇၀၀ ဦးထက်မနည်း** ဖမ်းဆီးခံခဲ့ရပါသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီက လွတ်ငြိမ်းချမ်းသာခွင့် ခြောက်ကြိမ် ထုတ်ပြန်ခဲ့ပြီး စုစုပေါင်း **၅၅,၄၇၂ ဦးထက်မနည်း**ကို ပြန်လွှတ်ခဲ့သည်။ သို့သော် AAPP ၏ မှတ်တမ်းများအရ စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးခံထားရသူ **၃,၀၄၀ ဦးခန့်သာ** လွတ်မြောက်ခဲ့သည်ဟု သိရပါသည်။ ယခုဖော်ပြပါ အရေအတွက်များသည် လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ယခုထက် ပိုမိုများပြားနိုင်ပါသည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။

## မြောက်ဥက္ကလာပမြို့နယ်တွင် သေဒဏ်နှင့် တသက်တကျွန်း အများဆုံးချမှတ်ခံရ

၂၀၂၂ ခုနှစ် မတ် ၂၈ ရက်အထိ ဖြစ်ပါသည်။





- သေဒဏ်ချမှတ်ခံရသူ အရေအတွက်
- ထောင်ဒဏ်တသက်တကျွန်း ချမှတ်ခံရသူ အရေအတွက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မှ ၂၀၂၂ ခုနှစ် မတ် ၂၈ ရက်အထိ စစ်အာဏာရှင် စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများနှင့် ဆက်စပ်၍ အမြင့်ဆုံး ပြစ်ဒဏ်များဖြစ်သည့် သေဒဏ်နှင့် ထောင်ဒဏ်တသက်တကျွန်း ချမှတ်ခံရသူ **၁၈၀ ဦး**အထိရှိခဲ့ပါသည်။ ထို **၁၈၀ ဦး**အနက် **၅၈ ဦး**သည် သေဒဏ်၊ ခြောက်ဦးသည် သေဒဏ်နှင့် ထောင်ဒဏ်တသက်တကျွန်း၊ **၇၂ ဦး**သည် ထောင်ဒဏ်တသက်တကျွန်း ချမှတ်ခံထားရပြီး ဖမ်းဆီး ခံရခြင်းမရှိဘဲ ဝရမ်းထုတ်ခံရကာ မျက်ကွယ်သေဒဏ်ချခံရသူ **၄၄ ဦး** ရှိခဲ့သည်။ ဖမ်းဆီးခံရပြီး သေဒဏ်ချမှတ်ခံရသူများထဲတွင် **အမျိုးသား ၁၀၀ ဦး**နှင့် **အမျိုးသမီး ရှစ်ဦး**တို့ပါဝင်ပြီး ၎င်းတို့အနက် **အသက် ၁၈ နှစ် မပြည့်သေးသည့် ယောကျ်ားလေးနှစ်ဦး**လည်း ပါဝင်နေသည်။ အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ခံရသူ အားလုံးသည် ရန်ကုန်တိုင်းအတွင်းမှဖြစ်ပြီး မြောက်ဥက္ကလာပမြို့နယ်မှ အများဆုံးဖြစ်သည်။

မှတ်ချက်- ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့် အချက် အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။

## ပြစ်ဒဏ်ချမှတ်ခံရသူများ၏ ၁၈ ရာခိုင်နှုန်းမှာ သေဒဏ်နှင့် တသက်တကျွန်း ချမှတ်ခံရသူများဖြစ်

၂၀၂၂ ခုနှစ် မတ် ၂၈ ရက်အထိ ဖြစ်ပါသည်။




လက်လှမ်းမီသမျှပြုစုထားသည့် ပြစ်ဒဏ်ချမှတ်ခံရသူအရေအတွက်အနက် မျက်ကွယ်ချမှတ်မှုများ အပါအဝင် စုစုပေါင်း **၁,၀၁၄ ဦး** ထက်မနည်း ရှိခဲ့ပါသည်။ ထို **၁,၀၁၄ ဦး**ထဲမှ **၈၃၄ ဦး**သည် ထောင်ဒဏ် ချမှတ်ခံရသူများဖြစ်ပြီး **၁၈၀ ဦး**သည် သေဒဏ်နှင့် ထောင်ဒဏ်တသက်တကျွန်း ချမှတ်ခံထားရသူများ ဖြစ်သည်။ စုစုပေါင်း ပြစ်ဒဏ်ချမှတ်ခံရသူများအနက် **၁၈ ရာခိုင်နှုန်း**မှာ သေဒဏ်နှင့် ထောင်ဒဏ်တသက်တကျွန်း ချမှတ်ခံရသူများဖြစ်သည်။ လက်လှမ်းမီသမျှ အချက်အလက်များအရ ထောင်ဒဏ် ချမှတ်ခံရသူအများစုသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ၊ လက်နက်ဥပဒေ၊ စစ်အုပ်ချုပ်ရေးကာလ၌ လူသတ်မှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က၊ ၅၀၅(ခ)၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ စသည့် ဥပဒေပုဒ်မများဖြင့် အမိန့်ချမှတ်ခံထားရပါသည်။ ယခုဖော်ပြပါ အရေအတွက်များသည် လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ယခုထက် ပိုမိုများပြားနိုင်ပါသည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။